# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၄၅ )　　　　　ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးသိန်းဇော် ( မန်နေးဂျင်းဒါရိုက်တာ ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Golden Heart Land Mining Co.,Ltd<br>အမှတ်(၁၈)၊ ၃၃ လမ်း၊ ၇၅ နှင့် ၇၆ လမ်းကြား၊ မောရဂီဝါ ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၀၉-၂၀၂၅၅၂၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ရွှေသတ္တု(အသေးစား) ထုတ်လုပ်မှုလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ (၄) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၆-၉-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၅-၉-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၁၆၇၈/၂၀၂၄) ဖြင့် တင်ပြသည့် **" ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) "** |



၁၁.၁.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Golden Heart Land Mining Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသရှိ မြေဧရိယာ (၄) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တု(အသေးစား) ထုတ်လုပ်မှုလုပ်ငန်း စီမံကိန်းအကြောင်းအရာ**

၁။ Golden Heart Land Mining Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသရှိ မြေဧရိယာ(၄)ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တု(အသေးစား) ထုတ်လုပ်မှုလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၆/ ၇ အီးအိုင်အေ (၁၆၇၈/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ဒေါက်တာဇော်ခိုင်ဦးမှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate -ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းဇော် ( မန်နေးဂျင်းဒါရိုက်တာ )၊ Golden Heart Land Mining Co., Ltd ၊ အမှတ်(၁၈)၊ ၃၃လမ်း၊ ၇၅ နှင့် ၇၆ လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ၀၉- ၂၀၂၅၅၂၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ရွှေသတ္တုထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှာ မြေအောက်တူးဖော်ခြင်းနည်းစနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေသတ္တုရှိနိုင်သောမြေနေရာများအား ရှာဖွေရှင်းလင်းခြင်း၊ လေးပေပတ်လည် အကျယ်ရှိ ဒေါင်လိုက်မြေစိုက်တွင်းများကို အနက်ပေ ၁၅၀ ခန့်အထိ တူးဖော်ခြင်း၊ မြေပြိုကျမှုအား ကာကွယ်ရန်အတွက် ကျင်းပတ်လည်တွင် သစ်သားပြားများ ကာရံခြင်း၊ ကျင်းအတွင်းမှ မြေစာများသယ်ယူရန်နှင့် ကျင်းအလုပ်သမားများ အတက်အဆင်း ပြုလုပ်ရန်အတွက် ဝန်ချီစက်တပ်ဆင်ခြင်း၊ ရွှေပါသော မြေစာများကို ရေစုပ်စက်ဖြင့် စုပ်ယူ၍ အမှုန့်ကြိတ်ခြင်း၊ ဇကာချခြင်း၊ အင်ဝိုင်းလှည့်၍ ပြဒါးဖြင့် ဖမ်းယူခြင်း၊ ရွှေပါမြေစာများကို ချက်ကန်တွင် ဆိုင်ရာနိဒ် အသုံးပြု၍ ရွှေဖမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တစ်နှစ်လျှင် ဒီဇယ် (၈,၀၀၀) ဂါလန်ခန့်နှင့် ရေအသုံးပြုမှုအနေဖြင့် တစ်နှစ်လျှင် အထွေထွေသုံးရေ ဂါလန် (၅၀၀,၀၀၀) ခန့် ၊ သောက်သုံးရေ (၂၄,၀၀၀) လီတာခန့်တို့ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းအသုံးပြုမှုအနေဖြင့် တစ်ဖက်ပါဇယားအတိုင်းဖော်ပြထားပါသည်-

စီမံကိန်းအကြိုကာလတွင် အသုံးပြုမည့် စက်ယန္တရားစာရင်း

| စဉ် | စက်ယန္တရားအမျိုးအစား | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|
| ၁။ | လုပ်ငန်းသုံးယာဉ် | 2982 - CC | ၁ စီး |
| ၂။ | မြေထိုး/မြေညှိစက် | 76 - HD | ၁ စီး |
| ၃။ | မြေသယ်ယာဉ် | 4102 - CC | ၁ စီး |
| ၄။ | မီးစက် | 160 – kW and 20 - kW | ၂ လုံး |

စီမံကိန်းကာလတွင် အသုံးပြုမည့် စက်ယန္တရားစာရင်း

| စဉ် | စက်ယန္တရားအမျိုးအစား | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|
| ၁။ | လုပ်ငန်းသုံးယာဉ် | 2982 - CC | ၁ စီး |
| ၂။ | လေမှုတ်စက် | 3 - HP | ၁ လုံး |
| ၃။ | ကျောက်ဖေါက်စက် | 5 – Hp and 5 - HP | ၂ လုံး |
| ၄။ | မီးစက် | 160 – kW and 20 - kW | ၂ လုံး |
| ၅။ | ရေစုပ်စက် | 25 – HP and 15 - HP | ၂ လုံး |
| ၆။ | မြေသယ်ယာဉ် | 4102 - CC | ၁ စီး |
| ၇။ | ဝန်ချီစက် (ဝင့်ချ်) +မော်တာ | 25 – HP and 25 - HP | ၂ လုံး |
| ၈။ | ကျောက်ခွဲစက် | 25 - HP | ၁လုံး |
| ၉။ | ကျောက်ကြိတ်စက် | 25 - HP | ၁လုံး |


စီမံကိန်းပိတ်သိမ်းချိန်တွင် အသုံးပြုမည့် စက်ယန္တရားစာရင်း

| စဉ် | စက်ယန္တရားအမျိုးအစား | စက်စွမ်းအား | အရေအတွက် |
|---|---|---|---|
| ၃။ | မြေသယ်ယာဉ် | 4102 - CC | ၁ စီး |
| ၄။ | မီးစက် | 160 – kW and 20 - kW | ၂ လုံး |
| ၅။ | ရေစုပ်စက် | 25 – HP and 15 - HP | ၂ လုံး |

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသတွင် တည်ရှိပါသည်။

**Golden Heart Land Mining Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသရှိ မြေဧရိယာ (၄) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တု(အသေးစား) ထုတ်လုပ်မှုလုပ်ငန်း တည်နေရာပြမြေပုံ**

မြေပုံအမှတ်၊ 93-B/1





အညွှန်း

MDY (SC-2) လုပ်ကွက်ဧရိယာ (၄.၀၀) ဧက၊ (၀.၀၁၆) စတုရန်းကီလိုမီတာ

| | |
|---|---|
| စိစစ်သူ | အတည်ပြုသူ |
| ဝင့်ကျော်သူ | မိုးဆွေ |
| လက်ထောက်ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

**Golden Heart Land Mining Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာ၊ ကျောက်မဏ္ဍပ်ဒေသရှိ မြေဧရိယာ (၄) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တု(အသေးစား) ထုတ်လုပ်မှုလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်**



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၁၆၇၈/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** ရွှေသတ္တုထုတ်လုပ်ခြင်း လုပ်ငန်းစဉ်မှာ မြေအောက်တူးဖော်ခြင်းနည်းစနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေသတ္တုရှိနိုင်သော မြေနေရာများအား ရှာဖွေရှင်းလင်းခြင်း၊ လေးပေပတ်လည်အကျယ်ရှိ ဒေါင်လိုက်မြေစိုက်တွင်းများကို အနက် ပေ ၁၅၀ ခန့်အထိ တူးဖော်ခြင်း၊ မြေပြိုကျမှုအား ကာကွယ်ရန်အတွက် ကျင်းပတ်လည်တွင် သစ်သားပြားများ ကာရံခြင်း၊ ကျင်းအတွင်းမှ မြေစာများသယ်ယူရန်နှင့် ကျင်းအလုပ်သမားများ အတက်အဆင်းပြုလုပ်ရန်အတွက် ဝန်ချီစက်တပ်ဆင်ခြင်း၊ ရွှေပါသော မြေစာများကို ရေစုပ်စက်ဖြင့် စုပ်ယူ၍ အမှုန့်ကြိတ်ခြင်း၊ ဇကာချခြင်း၊ အင်ဝိုင်းလှည့်၍ ပြဒါးဖြင့် ဖမ်းယူခြင်း၊ ရွှေပါမြေစာများကို ချက်ကန်တွင် ဆိုင်ရာနိုဒ်အသုံးပြု၍ ရွှေဖမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုရိုင်းများ သယ်ပို့ရာ လမ်းများတစ်လျှောက်တွင် အမှုန်အမွှားများ ထွက်ရှိမှု၊ ဖုန်မှုန့်များ ထွက်ရှိမှု လျော့ပါးစေရေးအတွက် အသုံးပြုမည့်လမ်းကြောင်းများအား ရေဖျန်းခြင်း၊ ကျောက်ခင်းလမ်းများအသုံးပြုခြင်းတို့ ဆောင်ရွက်သွားရန်၊

(၂) ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာခြင်းလုပ်ငန်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်း လုပ်ငန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် လုပ်ငန်းအစီအစဉ်ပါအတိုင်း ဆောင်ရွက်သွားရန်၊

(၃) စက်ပစ္စည်းများ သုံးစွဲမှုတွင် အနည်းဆုံးအရေအတွက်ဖြင့် အသုံးပြုသွားစေ၍ စက်ပစ္စည်းများ ဝယ်ယူရာတွင်လည်း အခိုးအငွေ့ထွက်ရှိနိုင်မှု အနည်းဆုံး ဖြစ်သည့် စက်ပစ္စည်းများ ရွေးချယ်ဝယ်ယူသွားရန်၊

(၄) ပြဒါးနှင့် ဆိုင်ယာနိုဒ်အသုံးပြုသည့် နေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပေါ်ရေနှင့် မြေအောက်ရေအရည်အသွေး ထိခိုက်မှု လျော့နည်းစေရေး မြေအောက်စိမ့်ထွက်ရေများကို အနည်ထိုင်စေပြီး ဓာတ်တိုးဂုဏ်သတ္တိ လျော့နည်းအောင် ဆောင်ရွက်၍ ပျိုးပင်များရေလောင်းခြင်း၊ အထွေထွေ လုပ်ငန်းသုံးရေအဖြစ် ပြန်လည်သုံးစွဲခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(၂) သုံးစွဲမည့် ရေအရင်းအမြစ်နှင့် စွန့်ပစ်ရေအရည်အသွေးများအား ဓာတ်ခွဲ စမ်းသပ်၍ မှတ်တမ်းများ ထားရှိရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်မြေစာများကို လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တည်ငြိမ် ခိုင်ခံ့မှုရှိစေရန် အလျား (၂၄) ပေ၊ အနံ (၁၆) ပေ၊ အမြင့် (၈) ပေခန့်ရှိပြီး လျှောစောက် (၆၀) ဒီဂရီခန့် သတ်မှတ်၍ စုပုံသွားရန်၊

(၂) မြေအောက်တူးဖော်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် စွန့်ပစ်မြေစာ၊ စွန့်ပစ်ခဲစာ များအား တူးဖော်ပြီး မြေအောက်လိုဏ်ခေါင်းများ ပြိုကျမှု မဖြစ်ပေါ်စေရန် ရေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့သွားရန်၊

(၃) စွန့်ပစ်မြေစာပုံများပေါ်တွင် မိုးတွင်းကာလ ရွာသွန်းသော မိုးရေများကြောင့် မြေစာများတိုက်စား၍ ဘေးပတ်ဝန်းကျင်သို့ မျောပါသွားခြင်း မရှိစေရေး အတွက် မြေစာပုံများ ဘေးပတ်လည်တွင် အဆင့်များဖော်ခြင်း၊ မြောင်းများ တူးဖော်ခြင်းတို့ ဆောင်ရွက်သွားရန်၊

(၄) အသုံးပြုပြီးသော မြေနေရာများအား ရှင်းလင်း၍ မြေညှိပြီး မြေဆွေးများ ဖုံးအုပ်ကာ အစားထိုးသစ်ပင်များ စိုက်ပျိုးသွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံဖြစ်ပေါ်မှုအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊ ဆူညံသံ ဖြစ်ပေါ်မှုအား ပတ်ဝန်းကျင်ကျေးရွာများအနီးတွင် (55-45) dBA နှင့် လုပ်ငန်းခွင် အတွင်း ဆူညံသံအား (70) dBA မဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက် သွားရန်၊

(၂) လုပ်ငန်းခွင်အတွင်း အသုံးပြုနေသော ယာဉ်ယန္တရားများတွင် အသံလုံစနစ်နှင့် အသံထိန်းစနစ်များ တပ်ဆင်ထားရန်၊

(၃) လုပ်ကွက်အတွင်း အသုံးပြုနေသော ယာဉ်ယန္တရားများ ကြံ့ခိုင်စေရေး စနစ် တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်၊

(၄) ညပိုင်းအချိန်တွင်လည်း စက်ပစ္စည်းများသုံးစွဲမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်သွားရန်၊

(၅) ယမ်းဖောက်ခွဲရာတွင် ယမ်းသုံးစွဲမှု ကန့်သတ်သုံးစွဲခြင်း၊ short delay detonator များ အသုံးပြု၍ ဖောက်ခွဲမှုများ ဆောင်ရွက်သွားရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ကျောက်ပုံများ မိုးရေတိုက်စား၍ နုန်းအနည်အနှစ်များ ထွက်ရှိပြီး လုပ်ကွက်အနီးရှိ ချောင်းအတွင်း ကျရောက်မှု မရှိစေရန် စွန့်ပစ်ကျောက်ပုံ အောက်ခြေပတ်လည်တွင် အကျယ် (၃) ပေ၊ အနက် (၂) ပေ မြောင်းများ တူးဖော်ပြီး အနည်ထိုင်ကန်မှတစ်ဆင့် စိုက်ခင်းများသို့ မြောင်းများဖြင့် စနစ်တကျ သွယ်တန်းသွားရန်၊

(၂) အထွေထွေလုပ်ငန်းသုံး စွန့်ပစ်ရေများအား ပြင်ပသို့ ထုတ်လွှတ်ခြင်းမပြုဘဲ စွန့်ပစ် ရေစစ်ကန်မှတစ်ဆင့် စိုက်ခင်းများသို့ ပေးပို့သွားရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၂) ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှု မရှိစေရေး ဆောင်ရွက်သွားရန်၊

(၃) ဇီဝမျိုးစုံမျိုးကွဲများနှင့် စပ်လျဉ်း၍ ထိခိုက်မှုများ လျော့နည်းစေရန် ပညာပေး ဟောပြောပွဲများ ဆောင်ရွက်သွားရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းကာကွယ်ရေးအတွက် လုပ်သားဝန်ထမ်းများ အားလုံး လုပ်ငန်းခွင်သင်တန်းများ ပေးထားရန်၊

(၂) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၃) လုပ်ငန်းခွင်အနေအထားအရ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်သတိပေး ဆိုင်းဘုတ်များ သိသာမြင်သာသည့် နေရာများတွင် တပ်ဆင်ထားရန်၊

(၄) လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်ကာကွယ်ဝတ်စုံ (PPE) များ ဝတ်ဆင်အသုံးပြုစေပြီး ပုံမှန် စစ်ဆေးမှုများ ပြုလုပ်သွားရန်၊

(၅) သဘာဝဘေးအန္တရာယ် ကျရောက်ပါက လုပ်ဆောင်ရမည့် ကယ်ဆယ်ရေး လုပ်ငန်းများအား စီမံချက်များ ရေးဆွဲစီမံထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်း များအတွက် လိုအပ်သော ပစ္စည်းကိရိယာများအား စုဆောင်းထားရှိခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရှေးဦးသူနာပြုစုနည်းများနှင့် အသက်ကယ်နည်းတို့အား ဓာတ်တိုက် လေ့ကျင့် သင်ကြားပေးထားရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင် ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကယ်ဆယ် ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်း ထားရှိရန်၊

(၂) အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများ ကယ်ဆယ်ရေးလုပ်ငန်းများအား လုပ်ဆောင်နိုင်ရန် ဝန်ထမ်းများကို အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းများ ပို့ချပေးထားရန်၊

(၃) အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အနီးဆုံးဆေးပေးခန်း၊ ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သွားရန်၊

(၄) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဆေးဝါးများ၊ ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရန်။

(ဠ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား $NO_2$, NO, CO, $PM_{2.5}$, $PM_{10}$ နှင့် $SO_2$ တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၂) ဆူညံသံအား စီမံကိန်းလုပ်ကွက်အနီး၌ (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၃) စီမံကိန်းလုပ်ကွက်အနီး နေရာ (၁) ခုတွင် CN, Pb, Arsenic, pH, Total Suspended Solids အပါအဝင် Parameter (၁၀) ခုတို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၄) မြေအောက်ရေအရည်အသွေးအား နေရာ (၂) နေရာ၌ CN, Pb, Arsenic, pH, Total Suspended Solids အပါအဝင် Parameter (၁၁) ခုတို့အား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၅) စွန့်ပစ်မြေစာအား စွန့်ပစ်ကျောက်ပုံများ၌ Cu, Pb, Arsenic, Fe အပါအဝင် Parameter (၇) ခုတို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်၊

(၆) စွန့်ပစ်ရေကန်များမှ စွန့်ပစ်ရေအား နေရာ(၁)နေရာတွင် Arsenic, Fe, Pb, pH, Cu, COD အပါအဝင် Parameter (၉) ခုတို့အား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်း အစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို အတည်ပြုအစီရင်ခံစာပါ ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဎ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၅၀) သိန်း လျာထားသုံးစွဲသွားရန်၊

(၂) ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် (၁၀) သိန်း လျာထားသုံးစွဲသွားရန်၊

(၃) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကျပ် (၁၀) သိန်း လျာထားသုံးစွဲရန်၊

(၄) လူမှုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ် (၂၅) သိန်း လျာထားသုံးစွဲရန်။

(ဏ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ပြီး ကျင်းများ၊ ချိုင့်များအတွင်း စွန့်ပစ်မြေစာများ ပြန်လည်ဖို့ခြင်း၊ အပေါ်ယံမြေဆီလွှာပြန်လည်ဖြည့်တင်းခြင်း၊ ဘေးပတ်လည်တွင် ခြံစည်းရိုးများ ကာရံ၍ သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်းတို့ စသည်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်၊

(၂) စွန့်ပစ်မြေစာများအား လုပ်ကွက်အနီးရှိ ချောင်းအတွင်း ကျရောက်ခြင်း မရှိစေရန် Dump Site ရွေးချယ်၍ စနစ်တကျ စုပုံသွားမည်ဖြစ်ပြီး ရေစီးရေလာကောင်းစေရန်အတွက်လည်း မြောင်းများ တူးဖော်သွားရန်၊

(၃) စီမံကိန်းလုပ်ကွက်နှင့် ဆက်စပ်နေသောဧရိယာရှိ ချောင်းများ၊ ရေတွင်း၊ ရေကန်များမှ ရေနမူနာများရယူပြီး မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး တို့အား တိုင်းတာစစ်ဆေးသွားရန်၊

(၄) မြေဆီလွှာညစ်ညမ်းမှု ရှိ/ မရှိ စစ်ဆေးရာတွင် လုပ်ကွက်အတွင်း ထိခိုက်မှု ရှိသော နေရာများမှ မြေဆီလွှာများအား မြေအသုံးချရေးဦးစီးဌာန ဓာတ်ခွဲခန်းသို့ ပေးပို့ကာ စစ်ဆေး၍ သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်းစဉ်တစ်ရပ် ထူထောင်နိုင်ရန် စီမံဆောင်ရွက်သွားရန်၊

(၅) တည်ဆောက်ထားသော စက်မှုဆိုင်ရာ အဆောက်အဦများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများအား မိုင်းပိတ်သိမ်းမည့် အကြိုကာလနှင့် ပိတ်သိမ်းမည့်ကာလများတွင် ရှင်းလင်းသွားရန်၊

(၆) သတ္တုတွင်းပိတ်သိမ်းပြီးနောက် စွန့်ပစ်မြေစာများကို ကျင်းများ၊ ချိုင့်များအတွင်း ဖြည့်သွင်းပြီး မြေဆီလွှာခင်း၍ ဒေသနှင့်ကိုက်ညီသည့် ကျွန်းပင်များ ပြန်လည် စိုက်ပျိုးသွားရန်၊

(၇) မြို့နယ်သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အဆိုပြုကုမ္ပဏီ အနေဖြင့် အလျား (၄၀) ပေ၊ အနံ (၁၆) ပေရှိသော ကျွန်းပျိုးဥယျာဉ်တစ်ခု စိုက်ပျိုးထားရှိရန်၊

(၈) လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသများအတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းမှု၊ မြေဆီလွှာ ညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုအခြေအနေ ရှိ/ မရှိ သိရှိနိုင်စေရန် စောင့်ကြပ် ကြည့်ရှု စစ်ဆေးသွားရန်၊

(၉) မိုင်းပိတ်သိမ်းခြင်း အစီရင်ခံစာအား မိုင်းပိတ်သိမ်းခြင်းမပြုမီ (၁) နှစ်ထက် နောက်မကျစေဘဲ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ တင်ပြသွားရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်ချက်များ။**

အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ ၊မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) ၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည် ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာ နှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်း အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝ လိုက်နာ ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်းနှင့် သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို 120 dB Linear ထက် မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5mm/s (Peak Particle

Velocity– ppv) ထက်မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင် ပြုလုပ်ရန်၊

(၅) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) အရ စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိရန်-

(ကက) စွန့်ပစ်ကျောက်များကြောင့် ရေစီးရေလာ ပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှု မဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် စွန့်ပစ်မြေစာပုံကွင်းများ ပြုလုပ်၍ စနစ်တကျ စွန့်ပစ်ရန်နှင့် ရေစီးရေလာ ပိတ်ဆို့မှုများ မရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(ခခ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်မြေစာများ၊ ဓာတုစွန့်ပစ်ပစ္စည်း၊ လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသော အင်ဂျင်စက်နှင့် သယ်ပို့ယာဉ်များမှ ထွက်ရှိသည့် စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များအား ယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ အလေအလွင့်အနည်းဆုံးဖြစ်အောင် သုံးစွဲရန်နှင့် မြေပေါ်၌ စွန့်ပစ်ခြင်း မပြုရန်၊

(ဂဂ) စွန့်ပစ်အမှိုက်များအား လဟာပြင်မီးရှို့ခြင်းများ မပြုလုပ်ဘဲ မြေကျင်းများ တူး၍ စနစ်တကျစွန့်ပစ်ရန်နှင့် အခြားစွန့်ပစ်ပစ္စည်းများအား အမှိုက်အမျိုးအစားများခွဲ၍ စနစ်တကျ စွန့်ပစ်ရန်၊

(ဃဃ) မိုးရာသီ မိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍ နုန်းအနည်အနှစ်များ အနီးပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း မရှိစေရန်အတွက် လုံလောက်သော နုန်းဖမ်းကန်များ အဆင့်ဆင့် ထားရှိဆောင်ရွက်ရန်၊

(ငင) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှု မရှိစေရန် မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများ ဖုံးအုပ်ခြင်း တို့ကို ပြုလုပ်ပေးရန်၊

(စစ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်ရေများအား ပတ်ဝန်းကျင်ရေထုသို့ တိုက်ရိုက်စွန့်ပစ်ခြင်း မပြုရန်နှင့် စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) သတ္တုကဏ္ဍနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စံနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) သတ္တုခွင့်ပြုမိန့်တွင် ဖော်ပြထားသော မြေအောက်တူးဖော်ခြင်းနည်းစနစ်ဖြင့်သာ လုပ်ငန်းဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၃၊ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှုမရှိစေရေးအတွက် မိုင်းလုပ်သားများအား (Personal Protective Equipment – PPE) ထောက်ပံ့ရန်၊

(၄) စီမံကိန်းလုပ်ငန်းများတွင် ဆောင်ရွက်သောဝန်ထမ်းများအား (၆)လ တစ်ကြိမ် ကျန်းမာရေး စစ်ဆေးဆောင်ရွက်ရန်နှင့် လိုအပ်သော ပြုစုကုသမှုများ ဆောင်ရွက်ရန်။

(င) **စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့မှထုတ်ပြန်ခဲ့သည့် ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းစည်းကမ်းချက်များ။** အောက်ပါအချက်များကို အလေးထား လိုက်နာဆောင်ရွက်ရန် -

(၁) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် သတ္တုတွင်းလုပ်သားများ၊ အနီးပတ်ဝန်းကျင် လူမှုစီးပွားထိခိုက်မှုမရှိ

စေရေးနှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့်ထိခိုက်မှုမရှိစေရေးအတွက် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း (Periodic Medical Examination) နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာခြင်း (Monitoring of Environmental Pollution) တို့ကို ပြုလုပ်ရန်၊

(၃) အလုပ်လုပ်ကိုင်သူများအား ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်လျော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်သို့မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက်အလက် (Baseline Data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ လိုအပ်သလို စစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအတိုင်း ဆောင်ရွက်ရန်၊

(၅) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ စည်ပင်သာယာရေး ကော်မတီများမှ ပြဋ္ဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေး သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ

လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) ပြဒါးအသုံးပြုမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်-

(ကက) ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များအပါအဝင် အခြားဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခခ) ပြဒါးအသုံးပြုမှုနှင့် ပတ်သက်၍ နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသော ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်။

(စ) **သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(ဆ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(၉) **မိုင်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** မိုင်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ ၁နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော် ထားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက် နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်း၊ တစ်ကေလျှင် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင် အပင် ၂၀၀ ထက်မနည်း စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက် ရန်။

(၁၀) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီး ခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ် ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်းပြောင်းလဲမှု များ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှု အတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဋ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဌ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသား

ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက် ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံး ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှု

နိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊

ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဃ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ်ကို အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ထားရှိသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ ၂၉၊ ၃၀၊ ၃၁ အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေသို့ ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ အတွက် ရန်ပုံငွေထူထောင်ထားရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်

ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာ ရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ် / ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့ အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---